မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O.Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910,
Email: blcsan@ksc.th.com, Website: www.blc-burma.org

# ပဲခူးမြို့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်များအား တပ်တွင်းဝင်ခွင့်မပေးသဖြင့် တပ်မတော်သားများနှင့် ခိုက်ရန်ဖြစ်ပွားမှုအပေါ် ဥပဒေရေးရာ သုံးသပ်ချက် ထုတ်ပြန်ခြင်း

## အမှုဖြစ်စဉ်အကျဉ်း

ပဲခူးမြို့ ကျောက်တိုင်ကန် အခြေချတဲ့ တပ်မ ၇၇ လက်အောက်ခံ ခမရ ၇ တပ်ရင်းက ရဲဘော်တွေနဲ့ အဲဒီကို လာရောက် မဲဆွယ်စည်းရုံးတဲ့ ပဲခူးမြို့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ ကိုယ်စားလှယ်တွေ မနေ့က ခိုက်ရန်ဖြစ်ပွားလို့ ရဲဘော် တဦးနဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေး ကိုယ်စားလှယ်ဘက်က ၃ ဦးထက်မနည်း ဒဏ်ရာရခဲ့တယ်လို့ သိရပါတယ်။

တပ်တွင်းကို စည်းရုံးဖို့အတွက် ဝန်ကြီးချုပ် ဦးသိန်းစိန် ရဲ့အမိန့်နဲ့လာတဲ့ ပဲခူးမြို့က ကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီ ကိုယ်စားလှယ် ၃၀ ခန့်ကို တပ်တွင်း ဝင်ခွင့်မပေးရာက ဂိတ်စောင့်တပ်သားတွေနဲ့ စကားများပြီး ခိုက်ရန်ဖြစ်ပွား ခဲ့တယ်လို့ မျက်မြင်တပ်သားတဦးက ဘီဘီစီကို ပြောပါတယ်။

မကြေနပ်ကြတဲ့ ခမရ ၇ က အရာရှိ အရာခံ အကြပ်တပ်သားတွေဟာ ပဲခူးမြို့ ကြံ့ခိုင်ရေးပါတီရုံးကို ဝိုင်းဖို့ လူစုနေချိန်မှာ တပ်မမှူး ဗိုလ်မှူးကြီး တင်ထွန်းက သူလည်းမကြေနပ်တဲ့ အကြောင်း၊ ဒါပေမဲ့ ခေတ္တခဏတော့ သည်းခံ ပေးဖို့ ဖြောင်းဖျခဲ့ရတယ်လို့ သူကပြောပြပါတယ်။

ရဲဘော်တွေ စားဝတ်နေရေး ကြပ်တည်းမှုကိုပဲ ကြိုးစားရုန်းကန် ဖြေရှင်းနေရလို့ ရွေးကောက်ပွဲကိုလည်း စိတ်မဝင်စားတဲ့ အချိန်မျိုးမှာ အခုလို အတင်းမဲဆွယ်စည်းရုံးရင်း ထိုးကြိတ်တဲ့အထိ ဖြစ်ကုန်တာ ဖြစ်ပါတယ်။
(၃၀၊ အောက်တိုဘာ ၂၀၁၀ ၊ ဘီဘီစီ)

## ဥပဒေ ရေးရာ သုံးသပ်ချက်

၁။ စစ်ဘက်၊ အရပ်ဘက် ဝန်ထမ်းများ အားလုံးမှာ နိုင်ငံ့ဝန်ထမ်းများ ဖြစ်ကြသည့်အတွက် "နိုင်ငံ ဝန်ထမ်းများ သည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။" (၂၀၀၈ ဖွဲ့စည်းပုံဥပဒေ ပုဒ်မ ၂၆ (က) ဟုဖော်ပြထားသည်။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ ဥပဒေအပါအဝင် ခေတ်အဆက်ဆက်ကလည်း ဝန်ထမ်းများ နိုင်ငံရေးနှင့် ကင်းရှင်းရသည်ကို မြန်မာ့ တပ်မတော်မှ အကြပ်စစ်သည် တပ်မှူးတပ်သားများအားလုံးက စွဲစွဲမြဲမြဲ လက်ခံထားပြီးသား ဖြစ်ပါသည်။ ၎င်းတို့မှာ နိုင်ငံရေးတွင် ပါဝင်လိုခြင်းမရှိကြောင်း အထက်ဖော်ပြပါ မှုခင်းဖြစ်စဉ်က ရှင်းရှင်းလင်းလင်း ဖော်ပြလိုက် ခြင်းဖြစ်သည်။

၂။ သို့သော် "နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်။ (၂၀၀၈ ဖွဲ့စည်းပုံဥပဒေ ပုဒ်မ ၆ (စ) ဟု ဖော်ပြထားသည်။ ထို့ပြင် ပုဒ်မ ၁၂၁ တွင် ပြည်သူ့လွှတ် တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေရ (ည) နိုင်ငံ့ဝန်ထမ်း။ ခြွင်းချက်။ ယင်းစကားရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသောလွှတ်တော်များနှင့် အဖွဲ့အစည်းများတွင် ရွေးချယ်ခန့် အပ်ခြင်းခံရသည့် တပ်မတော်သားများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် မသက်ဆိုင်စေရ ဟုလည်းပြဋ္ဌာန်းထား ပြန်သည်။ ဤပုဒ်မမှာ အထက်အပိုဒ် (၁) ပါ ပုဒ်မ ၂၆ (က) နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်စွာ ပြဋ္ဌာန်းထားခြင်း

ဖြစ်ကြောင်း အထင်အရှား တွေ့ရှိရသည်။ ဤသည်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပထမဆုံး ကွာဟချက်ဖြစ်ကြောင်း ဖော်ပြလိုက်ခြင်းဖြစ်သည်။

၃။ လွှတ်တော်များတွင် တပ်မတော်သားပါဝင်မှုကိုလည်း မည်သည့်ရွေးကောက်ပွဲမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိဘဲ ကာကွယ်ရေးဦးစီးချုပ် တဦးတည်းက အမည်စာရင်းတင်သွင်းသော တပ်မတော်သား လွှတ်တော်ကိုယ်စား လှယ် ၁၆၆ ဦး (ပြည်သူ့လွှတ်တော်တွင် ၁၁၀ ဦးနှင့် အမျိုးသား လွှတ်တော်တွင် ၅၆ ဦး) ပါဝင်ရန် ပြဋ္ဌာန်းထား သေးသည်။

လူတကိုယ် မဲတပြားစနစ် ဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာ ဒီမိုကရေစီမူကို ချိုးဖောက်ထားကြောင်း၊ ပုဂ္ဂလိက လူ့အခွင့်အရေးတူညီမှုကို မရရှိနိုင်ကြောင်းနှင့် တပ်မှူးတပ်သားအားလုံးမှာ လူ့အခွင့်အရေး တန်းတူညီမျှမှု မရရှိဘဲ ချိုးဖောက်ခံနေရကြောင်းကို ခံစားသိရှိကြ၍ ယခုကဲ့သို့ ဖြစ်ပျက်လာခြင်း ဖြစ်ကြောင်းသုံးသပ် တွေ့ရှိရပါသည်။

၄။ ရွေးကောက်ပွဲမကျင်းပမီကပင် နိုင်ငံရေးပါတီများက အာဏာရှိသလား၊ စစ်တပ်က အာဏာရှိသလား မေးခွန်းကို ဖြေဆိုရန် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဆိုင်ရာအကြပ်အတည်းများ ပေါ်ပေါက်လာနေသည်ဆိုလျှင် ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲပြီးကာလများတွင် ထို့ထက်ပိုမိုများပြားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြပ်အတည်းများစွာ ဖြစ်ပေါ်လာနိုင်ကြောင်း ဥပဒေရေးရာသုံးသပ် တင်ပြအပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ
(၃၊ ၁၁၊ ၂၀၁၀ )

အသေးစိတ်သိရှိလိုလျှင်–
ဦးမျိုး (တာဝန်ခံ၊ ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့)
ဖုန်း– ၀၈၆ ၂၁၆ ၀၁၀၈

The Burma Lawyers' Council is an independent organisation. It is neither aligned nor it is under the authority of any political organisation. It has been formed by individual lawyers and legal academics, who have joined together of their free will to form this organisation.